# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး

## ပဉ္စမနေ့ အစီအစဉ်

## [ ၈- ၁၀ - ၂၀၁၃ ]

## ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပဉ္စမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရာသီသီးနှံ စိုက်ပျိုးရောင်းချသူများ သင့်တော်သော ဈေးကောက် အခွန်နှုန်းထားများဖြင့် ပေးဆောင်စေပြီး တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မဆီသို့ တက်လှမ်းနိုင်သော ရောင်းဝယ်ရေးအခွင့်ထူးတစ်ရပ် ဖန်တီးပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မြစ်သာမြစ်ကူးတံတားတည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကျုံဒိုး-ကော့ကရိတ် လမ်းပိုင်း (၁၅/၀)မိုင်အား လမ်းအဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလှစိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **တနင်္သာရီတိုင်း ဒေသကြီး၊ ပုလောမြို့နယ်အနောက်ဘက် (၂၄)မိုင် အကွာ ကပ္ပလီပင်လယ်ပြင် အတွင်းတွင်ရှိသော မလိကျွန်းရှိ မလိကျေးရွာအုပ်စုတွင် တာဝန်ထမ်းဆောင် နေကြသော ဌာနဆိုင်ရာဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသအဖြစ် သတ်မှတ်ပြီး ဝန်ထမ်းလစာတိုးပေးနိုင်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။